## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲအစီရင်ခံစာ

**နိဒါန်း**

၁။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို (၂၂.၁၀.၂၀၂၂) ရက်နေ့ နေပြည်တော်ကောင်စီရုံးဝင်းရှိ ဇမ္ဗူသီရိခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

**တွေ့ဆုံပွဲတက်ရောက်သူများ**

၂။ အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဖိတ်ကြားထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် ပြခန်းပြသသူ စုစုပေါင်း (၂၅၃) ဦးခန့် တက်ရောက်ကြပါသည်။

**MSME လုပ်ငန်းရှင်များမှ တင်ပြချက်များ**

၃။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ MSME လုပ်ငန်းရှင်များမှ အောက်ပါ အတိုင်း တင်ပြခဲ့ပါသည် -

(က) နေပြည်တော် MSME အသင်းဥက္ကဋ္ဌ၊ ဦးကျော်စွာဝင်းမှ နေပြည်တော် ကောင်စီနှင့် MSME အသင်းတို့ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပါကြောင်း။

(ခ) Na Rain Dara Co.,Ltd. **၏ မျှစ်ခြောက်လုပ်ငန်းမှ** ဒေါ်နန်းခင်အုန်းက တင်ပြရာတွင် လက်ရှိမျှစ်ခြောက်စက်ရုံ တည်ဆောက်ထားရှိသော ဇေယျာသီရိ

မြို့နယ်၊ စက်ကုန်းရွာ၊ ခရိုင်ချင်းဆက်လမ်း၊ အမှတ်(၆၀)ရှိ စက်မှုဂရမ် မြေ ၀.၅၃ ဧကနှင့် ဆက်စပ် လျက်ရှိသော လယ်မြေ ၀.၇၆ ဧကအား အခြားနည်း သုံးစွဲခွင့်ရရှိရေးဆောင်ရွက်ပေးနိုင်ပါရန် မှုစ်ခြောက်ကုန် ထုတ်လုပ်မှု စက်ရုံသစ် တည်ဆောက်နိုင်ရန်အတွက် ဒက္ခိဏသီရိ စက်မှုဇုန်မြေနေရာ ၂ ဧက ခွင့်ပြုပေးနိုင်ပါရန်၊ ဝါးစိုက်ခင်း ထူထောင် ရန်အတွက် ပျဉ်းမနားမြို့နယ်၊ မဲပေါက်ကျေးရွာ မြေလွတ်မြေလပ် ၂၀၀၀ ဧကအားခွင့်ပြုပေးစေလိုပါကြောင်း။

(ဂ) April Four Co.,Ltd.၊ **သစ်သီးဖျော်ရည်စက်ရုံမှ** ဦးမောင်မျိုးက တင်ပြရာတွင် စက်မှုဇုန် မြေကွက်ချထား ပေးရာတွင်လည်း သတ်မှတ်စည်းကမ်းချက်များကို MSME လုပ်ငန်းရှင်များ ရင်းနှီးနိုင်လောက်သည့် စည်းကမ်းချက်များ ဖြေလျော့ပေးတော့ နိုင်ငံတွင်းရှိ MSME များနှင့် နိုင်ငံတော်ဖွံ့ဖြိုးရန်အတွက် လျာထား ဆောင်ရွက်ပေးစေလိုပါကြောင်း၊ MSME လုပ်ငန်းများ၏ ထုတ်ကုန် များသည် Brand အသစ်များ (ကုန်ပစ္စည်းအသစ်)ဖြစ်သည့်အတွက် ဈေးကွက် ဖြန့်ဖြူး ရောင်းချရန်အတွက် အခက်အခဲရှိပါကြောင်း၊ ပြည်တွင်းဈေးကွက်များကို ဖြန့်ဖြူးရာ တွင်လည်း ကုန်တိုက်ကြီးများ၊ Junction၊ Capital၊ City Mart စသည့်ကုန်တိုက် ကြီးများတွင် ကုန်ပစ္စည်းအသစ်များကို အလွယ်တကူ တင်သွင်း ရောင်းချရန် မလွယ်ကူပါကြောင်း၊ ပြည်တွင်း ထုတ်ကုန်များကို ပြည်တွင်း အရောင်းကုန်တိုက်ကြီးများတွင် တင်ပို့ရောင်းချရန် ညွှန်ကြားပေးစေလိုပါ ကြောင်း၊ ဒက္ခိဏသီရိ စက်မှုဇုန်တွင် စက်ရုံဆောက်ရန်အတွက် MSME ချေးငွေ ရရှိရေး၊ မြေကွက်ဝယ်ယူခွင့်ရရှိရေး ပံ့ပိုးကူညီပေးစေလိုပါကြောင်း၊

(ဃ) သီဟအောင် စားသောက်ကုန်လုပ်ငန်းမှ ဒေါ်သီတာဆွေက တင်ပြရာတွင် ၂၀၂၀ ခုနှစ် အသေးစားလုပ်ငန်းရှင်များ ကိုဗစ်ချေးငွေကိုလည်း Micro Finance များနှင့် အဆင်မပြေမှုများကြောင့် မရရှိခဲ့ပါကြောင်း၊ ယနေ့ချိန်ထိ လုပ်ငန်းတွင် ထုတ်ကုန်လျှော့ချခြင်း၊ ဝန်ထမ်းလျှော့ချခြင်း စသည်ဖြင့် အဆင်ပြေအောင် ဆက်လက်လုပ်ကိုင်နေရပါကြောင်း၊ လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင် ရန်အတွက်ရင်းနှီးမတည်ငွေ လိုအပ်ပါကြောင်း။

(င) မိုးသူဇာမုန့်တိုက်လုပ်ငန်းမှ ဒေါ်နန်းအေးအေးသိန်းက တင်ပြရာတွင် လက်ရှိမှုစ်ခြောက်စက်ရုံ တည်ဆောက်ထားရှိသော ဇေယျာသီရိမြို့နယ်၊

စက်ကုန်း ရွာ၊ ခရိုင်ချင်းဆက် လမ်း၊ အမှတ(၆၀)ရှိ စက်မှုဂရမ် မြေ ၀. ၅၃ ဧကနှင့် ဆက်စပ် လျက်ရှိသော လယ် မြေ ၀. ၇၆ ဧကအား အခြား နည်း သုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါ ရန်။ မျှစ်ခြောက်ကုန် ထုတ်လုပ်မှု စက်ရုံသစ်တည် ဆောက်နိုင်ရန်အတွက် ဒက္ခိဏသီရိစက်မှုဇုန်မြေ နေရာ ၂ ဧက ခွင့်ပြု ပေးနိုင်ပါရန်။ ဝါးစိုက်ခင်း ထူထောင်ရန်အတွက် ပျဉ်းမနားမြို့နယ်၊ မဲပေါက် ကျေးရွာ မြေလွတ်မြေလပ် ၂၀၀၀ ဧကအားခွင့်ပြုပေးစေလိုပါကြောင်း။

(စ) ခွန်လင်းစံ ကားဘော်ဒီဆေးမှုတ် လုပ်ငန်းမှ ဦးခွန်ထွန်းဇော်က တင်ပြရာတွင် ပုဗ္ဗသီရိမြို့နယ်အတွက် သီးသန့်ယာဉ်ပြင်အလုပ်ရုံနေရာထား ရှိပေးစေလိုပါ ကြောင်း၊ သို့မှသာ ပတ်ဝန်းကျင်ကို အနှောက်အယှက်ဖြစ်စေမည့် ဆူညံသံများကို ကင်းဝေးစေမည်ဖြစ်ပါကြောင်း၊ အသေးစားစီးပွားရေးလုပ်ငန်း တွေအနေဖြင့် မတည် ရင်းနှီးငွေအများကြီးဖြင့် လုပ်ငန်းမလည်ပတ်နိုင်ပါကြောင်း၊ ပုဗ္ဗသီရိ မြို့နယ်အတွက် ယာဉ်ပြင်အလုပ်ရုံဝပ်ရှော့တန်းကို အကောင်အထည် ဖော်ဆောင် ပေးခြင်းအားဖြင့် ငှားရမ်းခသက်သာပြီး ငွေပိုငွေလျှံရရှိ လာမှာဖြစ်သည့် အပြင် လုပ်ငန်းကိုလည်း ပိုမိုချဲ့ထွင်နိုင်မည် ဖြစ်ပါကြောင်း၊ ပုဗ္ဗသီရိမြို့နယ်အတွက် ယာဉ်ပြင်ဝပ်ရှော့တန်းကို သီးခြား တည်ဆောက်ပေးစေလိုပါကြောင်း။

(ဆ) Nilar Frozen Foods Co.,ltd အေးခဲသီးနှံများ ထုတ်လုပ်သော လုပ်ငန်းမှ ဦးသစ်လွင်စိုးက တင်ပြရာတွင် ထုတ်ကုန်ကုန်ချောများအား အေးခဲကွန်တိန် နာဖြင့် သယ်ယူပို့ဆောင်ရာတွင် လမ်းခရီးတစ်လျှောက် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဖွင့်ဖောက်စစ်ဆေးခြင်းများပြုလုပ်ရာ အပူချိန်တက်လာခြင်း၊ ကုန်ပစ္စည်းများ ပျက်စီးခြင်းတို့ ဖြစ်ပေါ်သည့် အခက်အခဲများအား ကူညီပေးစေလိုပါကြောင်း။

(ဆ) ဒို့ဂုဏ်ရည် တစ်ဝက်ဘူဖေး ထမင်းဆိုင်မှ ဦးပြည့်ဖြိုးအောင်က တင်ပြရာတွင် JICA Two Stept Loan ချေးငွေအား အရင်းပြန် လည်ပေးဆပ်ကာလရောက် နေပြီဖြစ်ပါသဖြင့် ပေးဆပ်နိုင်သည့် အခြေအနေမရှိသေးသည့်အတွက် လုပ်ငန်းရှင်နှင့်ဘဏ်များအကြား အဆင်ပြေစေမည့် နည်းလမ်းများ ညှိနှိုင်း ဆောင်ရွက်ပေးစေလိုပါကြောင်း။

(ဇ) **မပပ တာယာရောင်းဝယ်ရေးနှင့်ကားအလှဆင်လုပ်ငန်း မြို့မဈေးမှ ဒေါ်မျိုးပပထွန်းက တင်ပြရာတွင်** နိုင်ငံတော်မှ ချေးငွေပံ့ပိုးမှုများရှိပါက လုပ်ငန်းကြီး များသာမက

လုပ်ငန်းငယ်များကိုလည်း ချေးငွေပံ့ပိုး ပေးပါရန်နှင့် ကိုဗစ်ကပ်ရောဂါကြောင့် လုပ်ငန်းများ အဆင်မပြေမှုများရှိနေပါသဖြင့် အခွန်တစ်နှစ်စာ ဖြေလျှော့ပေးစေလိုပါကြောင်း။

(ဈ) နေပြည်တော် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇေယျက တင်ပြရာတွင် နေပြည်တော်ဒေသရှိလုပ်ငန်းရှင်များ ပူးပေါင်း၍ အသင်းအဖွဲ့၊ အများပိုင်ကုမ္ပဏီများအနေဖြင့် ကုန်ပစ္စည်းထုတ်လုပ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုလက်မှုကုန်စည် ရောင်းဝယ်ရေးလုပ်ငန်းများကို နိုင်ငံတကာ အဆင့်မီ စေရန် ပြည်တွင်းပြည်ပအသင်းအဖွဲ့များနှင့် ဆက်သွယ်ပူးပေါင်းပြီး နိုင်ငံတော်၏ သက်ဆိုင်ရာဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်တောင်းခံခြင်း၊ အပြည်ပြည်ဆိုင်ရာဒေသဆိုင်ရာ ကုန်စည်ပြပွဲများသို့ ထုတ်ကုန်ပစ္စည်းများ သွားရောက်ပြသခြင်း၊ နိုင်ငံတကာ ကုန်စည်ပြပွဲများကို တာဝန်ယူဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ဖွံ့ဖြိုးရေးလုပ်ငန်း Infrastructure တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်မှ နိုင်ငံတကာနှင့်အတူ ဖော်ဆောင်နေတဲ့ ကုန်သွယ်ရေး အဝန်းဝိုင်းဖြစ်တဲ့ ASEAN Free Trade၊ LANCHAN–MEKONG၊ OBOR စသည့် ကုန်သွယ်ရေး အဖွဲ့အစည်းများတွင်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နေပြည်တော်ဒေသသည် Infrastructure အနေနှင့် အာရှဟိုင်းဝေးလမ်းပေါ်မှာ တည်ရှိပါကြောင်း၊ ရထားလမ်းလည်းရှိပါကြောင်း၊ တိုင်းပြည်ရဲ့အလယ်မှာတည်ရှိပြီး လျှပ်စစ်မီးလည်း အပြည့်အဝရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့်လုပ်သားအင်အား အလုံအလောက်ရှိပါကြောင်း၊ နိုင်ငံတကာသို့ ကုန်စည်ပို့ဆောင်ရန် နိုင်ငံတကာ လေယာဉ်ကွင်းလည်းရှိပါကြောင်း၊ ဒေသတွင်းရှိ အားသာချက်များကို အသုံးချ၍ ဒေသထုတ်ကုန်များကို နိုင်ငံတကာသို့ တင်ပို့ဆောင်ရွက်နိုင်ရန် အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ လာရောက်ပါက နိုင်ငံတကာနှင့် ချိတ်ဆက်ပြီး မိမိတို့အသင်းအနေဖြင့် အောင်မြင်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

(ည) နေပြည်တော် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေးကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဦးသောင်းကြည်က တင်ပြရာတွင် NCCI ဖွဲ့စည်းခွင့်ရရှိရေးအတွက် လုပ်ထုံး လုပ်နည်းနှင့်အညီ မူဘောင်အတွင်းက ဖွဲ့စည်းခွင့်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း၊ NCCI ရုံးခန်းမြေနေရာ ချမှတ်ပေးပါရန်နှင့် သပြေကုန်း ကဲ့သို့ နေရာမျိုးတွင်ရရှိရန်တင်ပြလိုပါကြောင်း၊ မိမိ၏ ကိုယ်ပိုင်လယ်မြေ ၅ ဧက နီးပါးတွင် ဆည်ရေသောက်မဟုတ်၊ မိုးကောင်းသောက် ရေမလောက်ပါသဖြင့်

စပါးစိုက်ပျိုး၍ မဖြစ်ထွန်းပါကြောင်း၊ စပါး စိုက်ပျိုးရာ ရာသီတိုင်း အရှုံးပေါ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျွဲ၊ နွား အကောင်(၅၀) မွေးမြူထားပြီး ကျွဲ၊နွားစာ နေဗီယာ စူပါလီ မြက် အမျိုးအစား(၈)ခင်း၊ (၄)ကေခန့် စိုက်ပျိုးထားပါကြောင်း၊ ကျွဲ၊နွား အကောင် (၅၀)အား (၅)နှစ် စီမံကိန်း၊ (၁၀)နှစ် စီမံကိန်း စသည်ဖြင့် စီမံကိန်း ချမှတ်၍ မွေးမြူလျက်ရှိပါကြောင်း၊ မိမိသည် အသက်အရွယ် (၆၀)ကျော်လာပြီဖြစ်ပြီး မိမိ၏ အိုစာမင်းစာ အတွက် ကျွဲ၊နွားများ မွေးမြူထားရခြင်းဖြစ်ပါကြောင်း၊ ကျွဲ၊နွား မွေးမြူရေးခြံများနှင့် ကျွဲ၊နွားများ အစာအဖြစ် နေဗီယာမြက်များနှင့် အခြားတိရစ္ဆာန် အစားအစာ စိုက်ပျိုးရန် မိမိပိုင် လယ်မြေ (၅)ကေ နီးပါးအား အခြားနည်းသုံးစွဲခွင့်ပြုပါရန် ဆောင်ရွက်ပေး စေလိုပါကြောင်း။

(၃) ဝါးကုန်ထုတ်သမဝါယမအသင်း၊ ဒု-ဥက္ကဋ္ဌ၊ ဦးကျော်ဝင်းက တင်ပြရာတွင် မိမိတို့အသင်းမှာ အကျိုးအမြတ်သီးသန့်ရှာဖွေသော အသင်းမဟုတ်ဘဲ သဘာဝ ပတ်ဝန်းကျင် ကောင်းမွန်ရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်နှင့် နေ့စဉ်ဝင် ငွေရရှိရေးအတွက် အဓိကရည်ရွယ်၍ တည်ထောင်ထားသော အသင်းတစ်ခု ဖြစ်ပါကြောင်း၊ သဘာဝဝါးထိန်းသိမ်းခြင်းနှင့် ဖြည့်စွက်စိုက်ပျိုးခြင်း လုပ်ငန်းများ အတွက် ငလိုက်ကြိုးဝိုင်းအတွင်းဧကေ(၁၅၀)ကို စံပြအဖြစ် ဆောင်ရွက်ရန် သယံဇာ တနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထား ပြီးဖြစ်ပါကြောင်း၊ ယခု သင်တန်း ကျောင်းနေရာတွင် ဝါးနှင့်ပတ်သက်သော လုပ်ငန်းရှင်၊ ပညာရှင်များ၊ ပြည်ပမှပညာရှင်များ တစ်စုတစ်စည်းတည်းပူးပေါင်း၍ ဝါးသမဝါယမ ကျေးရွာတစ်ခု တည်ဆောက်ပြီး တစ်ဆင့်ထက်တစ်ဆင့်တိုးမြှင့်၍ နည်းပညာများ မျှဝေသွားမည်ဖြစ်ပါကြောင်း၊ ခရီးသွားများ နေပြည်တော် သို့ ရောက်ရှိလာပါက ဝါးထုတ်ကုန် ဝါးထုတ်လုပ်နည်းများ လာရောက် လေ့လာရန် နေရာတစ်ခုဖြစ်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာဈေးကွက် အထိ မြန်မာ့ဝါးလက်ရာများ ထိုးဖောက်နိုင်ရန် ရည်ရွယ်ထားပါကြောင်း။

(၄) Black Teak Group လူသုံးကုန်လုပ်ငန်းနှင့်အထွေထွေစက်မှုလက်မှုလုပ်ငန်းမှ ဦးနိုင်ထက်လင်းက တင်ပြရာတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ မြန်မာ့ လက်မှုအနုပညာစင်တာ (MHC)တွင်ဆိုင်ခန်းတစ်ခန်းငှားရမ်း၍ ပန်းပုပစ္စည်းများ

ရောင်းချ လျက်ရှိပါကြောင်း၊ ဆိုင်ခန်းငှားရမ်းခ တစ်ကြိမ်လျှင် တစ်နှစ်စာပေး ဆောင်ရမည့်အစားတစ်ကြိမ်လျှင် (၃)လ(သို့မဟုတ်) (၆)လစာပေး ဆောင်လိုပါ ကြောင်း။

(ဍ) Big M Company စိုက်ပျိုးရေးထုတ်ကုန်ရောင်းချဖြန့်ဖြူးရေးလုပ်ငန်းမှ ဥက္ကဋ္ဌ၊ ဦးမင်္ဂလာက မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး လုပ်ငန်းများဆောင်ရွက်နေသည်မှာ (၂၇)နှစ်ခန့် ကြာမြင့်နေပြီဖြစ်ကြောင်း၊ အရည်အသွေးကောင်း၊ အထွက်ကောင်း သီးနှံ မျိုးကောင်းမျိုးသန့်များ တင်သွင်းခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ စက်ကရိယာ ပစ္စည်းများ တင်သွင်းခြင်း၊ နေရောင်ခြည်သုံး Solar Pump များ ဖြန့်ဖြူးခြင်း၊ တောင်သူများအား နည်းပညာများဖြန့်ဖြူးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း နှင့်ဈေးကွက်မှ ယခုအချိန် လိုအပ်လျက်ရှိသော ပီလောပီနံ သီးနှံအား စံပြအဖြစ် ဧက(၂၀၀)ခန့် စိုက်ပျိုးပြသလိုကြောင်းနှင့် ထိုကဲ့သို့စိုက်ပျိုးရန် မြေနေရာ လျှောက်ထားလိုပါကြောင်း၊ စိုက်ပျိုးရေးသုံးစက်ကရိယာများ တင်သွင်းရာတွင် အခွန်အခလျှော့ချစေလိုကြောင်း။

## ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည်ရှင်းလင်းဖြေကြားခြင်း

၄။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ MSME လုပ်ငန်းရှင်များ၏ တင်ပြမှု များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများမှ အောက်ပါအတိုင်း ရှင်းလင်း ပြောကြားခဲ့ပါသည်–

(က) စီးပွါးရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးမှ ရဲယိုသီးဖျော်ရည် လုပ်ငန်းရှင် ဦးမောင်မျိုး၏ MSME ပြည်တွင်းထုတ်ကုန်များအား ကုန်တိုက်ကြီးများနှင့် City Mart များတွင် ရောင်းချနိုင်ခွင့်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း အချက်အလက်များနှင့် ပြည့်စုံရန် လိုအပ်ပါ ကြောင်း၊ စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြီး သတ်မှတ်ချက်များ နှင့် ကိုက်ညီပါက ကုန်တိုက်ကြီးများ၊ City Mart များတွင် ရောင်းချနိုင် ခွင့်ရရှိရေး ချိတ်ဆက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း။

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်မှ Naypyitaw CCI ဖွဲ့စည်းမှတ်ပုံတင် ရေးနှင့်စပ်လျဉ်း၍

ရင်းနှီးစီးပွား ဝန်ကြီးဌာနအနေဖြင့် စီးပွားရေးအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်း၊ ကုမ္ပဏီ မှတ်ပုံတင်ဖွဲ့စည်းပေးခြင်းကို တာဝန်ယူဆောင်ရွက်ပေးနေ ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် လက်ရှိတွင် Myanmar Companies Online Registration (MyCO) စနစ်ဖြင့် နေပြည်တော်ကောင်စီ နယ်မြေတွင် မှတ်ပုံတင် ထားသည့် အသက်ဝင်လျက်ရှိသည့် ကုမ္ပဏီစုစုပေါင်း ၁၂၆၂ ခု ဖွဲ့စည်းမှတ်ပုံတင် ထားပြီး၊ မှတ်ပုံတင်လက်မှတ် များရရှိထားကြောင်း၊ ကုမ္ပဏီမှတ်ပုံတင်ကြေး အနေဖြင့် ၁ သိန်းခွဲ ဖြစ်ပါကြောင်း၊ ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ လုပ်ငန်းကြီးများ ဖြစ်လာရန်အတွက် လုပ်ငန်း စတင်အခြေတည်ရန် ကုမ္ပဏီများ အဖြစ် စတင်ဖွဲ့စည်းမှတ်ပုံတင်လာ ခြင်းဖြစ်ကြောင်း၊ Start up လုပ်ငန်းငယ်မှ စ၍ အခြေပြုကာ လုပ်ငန်း ကြီးများအဖြစ် တိုးတက်ဆောင်ရွက်နိုင်ရန်ဖြစ်ပါ ကြောင်း၊ လက်ရှိတွင် MSMEs လုပ်ငန်း ၁၃၈၆ ခု၊ ကုမ္ပဏီမှတ်ပုံတင်ဆောင်ရွက်မှု ၁၂၆၂ ခု၊ အရင်းအနှီးပြည့်ပြည့်ဝဝဖြင့် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၂၈ ခု ရှိသည်ကို သိရှိနိုင်စေရန်နှင့် ကွာဟမှုအခြေအနေအား ချိန်ထိုးတွက်ဆ နိုင်စေရန် ရှင်းလင်းတင်ပြခြင်း ဖြစ်ပါကြောင်း။

(ဂ) စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းမှ မိမိတို့ မြန်မာနိုင်ငံမှာရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွါးရေး လုပ်ငန်းများသည် တိုင်းပြည်၏ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါ သည့်ကဏ္ဍမှာ ပါဝင်လျက်ရှိပါ ကြောင်း၊ တစ်ကမ္ဘာလုံးအနေအထားနှင့် ကြည့်မည် ဆိုရင် ဖွံ့ဖြိုးပြီးနိုင်ငံ တစ်ခုဖြစ်သော အမေရိကန်နိုင်ငံမှာ MSME များ၏ GDP ပါဝင်မှုက ၄၃.၅ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန်၏ ၂၉ ရာခိုင်နှုန်းရှိပြီး OECD နိုင်ငံများဖြစ်သည့် တောင်ကိုရီးယား၊ ဂျပန်၊ ကနေဒါ တို့ကဲ့သို့ နိုင်ငံများမှာ MSME များ၏ GDP ပါဝင်မှုက ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်း၊ ပြည်ပပို့ကုန်၏ ၅၀ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါကြောင်း၊ အာဆီယံနိုင်ငံများတွင်လည်း MSME များ၏ GDP ပါဝင်မှုက ၅၀ ရာခိုင်နှုန်းခန့်နှင့် ပြည်ပပို့ကုန်၏ ၂၀ မှ ၃၀ ရာခိုင်နှုန်းခန့်နှင့် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုမှာ ၆၆ ရာခိုင်နှုန်းပါဝင်ကြောင်း တွေ့ရှိရပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာစေရန် စီးပွားရေးဦးတည်ချက် (၃) ရပ်ကို ချမှတ်ပြီး ဆောင်ရွက် လျက်ရှိပါကြောင်း၊ ထိုစီးပွားရေးဦးတည်ချက် (၃) ရပ်က နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၀ ဖြစ်သည့် "နိုင်ငံတော်သည် စက်မှုလုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း စသည်တို့ကို အတတ်နိုင်ဆုံး

ဖြည့်ဆည်းပေးရမည်” ပုဒ်မ ၃၅ မှာ ဖော်ပြထားသော “ နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေး စနစ်ဖြစ်သည်” ပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) မှာ ဖော်ပြထားသည့် “ အမျိုးသား စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေး အင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်” ဟူ၍ ပြဋ္ဌာန်းထားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ချမှတ်ထားသော စီးပွားရေး ဦးတည် ချက် (၃) ရပ်သည်လည်း နိုင်ငံတော်၏ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ချမှတ်ထားပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ ချမှတ်ထားသော SME မူဝါဒပါ “မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ အခြေခံမူဝါဒများနှင့် ကဏ္ဍအလိုက် အကောင်အထည်ဖော်ရမည့် အစီအစဉ်များ” သည်လည်း နိုင်ငံတော်မှ ချမှတ်ထားသော စီးပွားရေးဦးတည်ချက်(၃) ရပ်ကို အောင်မြင် နိုင်ရန် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယနေ့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှာ ကျင်းပပြုလုပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ၌ မိမိအနေဖြင့် ဒေသတွင်းရှိ MSME လုပ်ငန်းများ၊ ဒက္ခိဏာသီရိ အသေးစား နှင့်အလတ်စားစက်မှုဇုန်အတွင်းရှိ ပုဂ္ဂလိက စက်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက် ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါကြောင်း၊ ဒက္ခိဏာသီရိ အသေးစားနှင့်အလတ်စား စက်မှုဇုန် အတွင်းမှာ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အနေဖြင့် အကြီးစားလုပ်ငန်း (၁၅)ခု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ နိုင်ငံပိုင်စက်ရုံများမှာ လယ်ဝေးမြို့နယ်တွင် တောင်စဉ်အေး သကြားစက်၊ အီသနောစက်၊ ပျဉ်းမနား မြို့နယ်တွင် ပျဉ်းမနားသကြားစက်၊ တပ်ကုန်းမြို့နယ်တွင် ဒဟတ်ကုန်း သကြားစက်၊ ဇေယျာသီရိမြို့နယ်တွင် စပါးကြိတ်ခွဲ သန့်စင်စက်နှင့် အခြောက်ခံစက် စသည့် စက်ရုံ(၅)ရုံရှိပါကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ မှတ်ပုံတင်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်း များမှာ အကြီးစားလုပ်ငန်း (၂၁၂)ခု၊ အလတ်စားလုပ်ငန်း (၂၀၄) ခုနှင့် အငယ်စား လုပ်ငန်း(၂၄၅)ခု၊ စုစုပေါင်း (၆၆၁)ခု ရှိပါကြောင်း၊ ၎င်းအပြင် ပြည်ထောင်စု

နယ်မြေ၊ နေပြည်တော်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း SME ဌာနမှ SME Member Card များကို ၂၀၁၆ ခုနှစ် မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ အသေးစား လုပ်ငန်း (၁,၁၁၄) ခုနှင့် အလတ်စား လုပ်ငန်း(၃၀၃)ခု၊ စုစုပေါင်း (၁,၄၁၇) ခုကို ထုတ်ပေး ထားပြီးဖြစ်ပါကြောင်း၊ MSME လုပ်ငန်းရှင်များ လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရေး အတွက်လည်း အတိုးနှုန်း သက်သာသည့် ချေးငွေများအား သက်ဆိုင်ရာ ဘဏ် များမှ ၂၀၁၆ ခုနှစ် မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ ချေးငွေစုစုပေါင်း ကျပ် **(**၁၂.၅၂၈) ဘီလီယံကို MSME လုပ်ငန်းရှင် (၂၁၅) ဦးအား ထုတ်ပေးထားရှိပြီးဖြစ်ပါကြောင်း၊ နေပြည်တော် ကောင်စီအစိုးရအဖွဲ့အနေဖြင့် နေပြည်တော် MSME ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီကို အဖွဲ့ဝင်(၃၄)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ MSME ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသနှင့်ကိုက်ညီသည့် MSME Action Plan ကို Policy Index ပါ ကဏ္ဍ(၈)ခု ကို အခြေခံပြီး ရေးဆွဲထားရှိပြီး ဖြစ်ပါကြောင်း၊ ဒေသတွင်းရှိ အောင်မြင်ပြီး၊ အလားအလာရှိသော MSME စီးပွားရေး ကဏ္ဍများ အနေနဲ့ကတော့ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် စီးပွားရေး လုပ်ငန်းများ၊ အလုပ်အကိုင်ပေါ်ထွန်းရေးကို အားပေးသော CMP အထည်ချုပ် လုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှု ကိုအားပေးသော စီးပွားရေး လုပ်ငန်းများ၊ သွင်းကုန် အစားထိုး/ ပြည်ပပို့ကုန်တင်ပို့နိုင်သော စီးပွားရေး လုပ်ငန်းများ ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးကို အားပေးဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးအခြေခံ ဝါးနှင့်မျှစ်ကုန်ကြမ်းများကို အသုံးပြု၍ One Village One Product အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း အသေးစား၊ အငယ်စား နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအေးခဲထုပ်ပိုးစက်ရုံများ၊ စပါးအခြောက်ခံစက်ရုံများ၊ ဆန်ဖြူနှင့် ပေါင်းဆန်ထုတ်လုပ်သည့်စက်ရုံများ၊ သစ်သီးဝလံ အခြောက်ခံနှင့် သစ်သီးယိုစုံ လုပ်ငန်းများ၊ ရဲယိုသီးဖျော်ရည်လုပ်ငန်းများစသည့်လုပ်ငန်းများသည် ဒေသ တွင်းမှ ရရှိသည့်ကုန်ကြမ်းများဖြင့် ထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ ရှေ့ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်မှာ

ဦးတည်ချက်များ၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက် ရာ၌ ရှေ့လုပ်ငန်းစဉ် (၅)ရပ် တွင် "ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ ရသည့် စီးပွါးရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်" ဆိုသည့် အကြောင်းအရာလည်း ပါဝင်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်း စနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွါးရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် စီးပွါးရေးနှင့် ပတ်သက်သောဦးတည်ချက်များအတိုင်း ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ **အလားအလာရှိသော စီးပွားရေးလုပ်ငန်းများ** ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စားလုပ်ငန်းများ၏ အရေးပါမှုအနေဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စားလုပ်ငန်းများသည် တစ်ဦးချင်းအနေဖြင့် သေးငယ်သော်လည်း စုစည်းပါက နိုင်ငံတိုင်း၏ အကြီးမားဆုံးနှင့် အရေးကြီးဆုံးသော စီးပွါးရေးနှင့်လူမှုရေးအင်အားစုဖြစ်ပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများသည် လုပ်ငန်းဦးရေအရ အများဆုံး ဖြစ်ပါကြောင်း(Quantity)၊ MSMEများသည် တစ်နိုင်တစ်ပိုင်အဆင့်မှ အလတ်စား အဆင့်အထိ လုပ်ငန်းများဖြစ်သောကြောင့် နိုင်ငံတစ်ဝှမ်းဒေသတိုင်းတွင်ရှိကြ ပါကြောင်း(Reach)၊ အလုပ်အခွင့်အလမ်းအရလည်း MSMEများသည် အများဆုံးခန့်အပ် အသုံးပြုနိုင်သော အင်အားစုဖြစ်ပါကြောင်း(Employment)၊ MSME အများစုတို့သည် တစ်ဦးတည်း သို့မဟုတ် မိသားစုပိုင်လုပ်ငန်း များဖြစ်သောကြောင့် အောင်မြင်ရန်ကြိုးစားအားထုတ်မှု ပြင်းပြကြပြီး စွန့်ဦးတီထွင်လိုသည့် စိတ်ဓာတ်များကြောင့် ထူးခြားသော တီထွင်မှုများသည် လည်း ဖြစ်ပေါ်လာနိုင်ပါကြောင်း(Innovation)၊ MSME များ၏ ကြီးမားသော အရေအတွက်ကြောင့်ပင် နိုင်ငံတိုးတက်လာသည်နှင့်အမျှ Multiplier Effect အရ ၎င်းတို့သည် နိုင်ငံ၏စီးပွါးရေး အခွန်အခ၊ အလုပ်အခွင့်အလမ်း၊ အလုပ်လက်မဲ့ လျှော့ချရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍ များတွင် အရေးအကြီးဆုံးပံ့ပိုး ပေးနိုင်သော အင်အားစုအနေဖြင့် ပါဝင်လာမည်ဖြစ်ပါကြောင်း (National Contribution)၊ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏

လမ်းညွှန်မှုနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကမောင်းနှင်အားအဖြစ် အသုံးချပြီး အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်လာစေရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် လက်ရှိစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွန်အခကဏ္ဍ လိုအပ်ချက်များ၊ ဘဏ္ဍာရေး ကဏ္ဍလိုအပ်ချက်များ၊ ရောင်းချရေးကဏ္ဍ လိုအပ်ချက်များ၊ ဈေးကွက် မြှင့်တင်ရေးကဏ္ဍ လိုအပ်ချက်များ၊ ဝယ်ယူရေးကဏ္ဍ လိုအပ်ချက်များ၊ နည်းပညာကဏ္ဍ လိုအပ်ချက်များကို စက်မှုဝန်ကြီးဌာနအနေနှင့် ပူးပေါင်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း။

(ဃ) သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးမှ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်တွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနပါဝင်ပါကြောင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် မြင်းကောင်ရေ ၀.၂၅မှ ၅ ကောင်အထိ အသုံးပြုသည့် အလုပ်သမား(၉)ဦးထက် မပိုသော အိမ်တွင်းစက်မှုလုပ်ငန်းနှင့် အလုပ်သမား (၃)ဦးနှင့် အထက်ရှိသော အိမ်တွင်းလက်မှုလုပ်ငန်းများကို လုပ်ငန်းမှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင် လျှောက် ထားလာသော စားသောက်ကုန်၊ လူသုံးကုန် စသည့်လုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းများကို ဓါတ်ခွဲစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ MHCအခန်းငှားရမ်းခနှင့် ပတ်သက်၍ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ မြို့နယ်တွင် မြန်မာ့လက်မှုအနုပညာစင်တာ MHC ကို ပြီးခဲ့သည့်နှစ် နှစ်ဆန်း ပိုင်းတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ MHC အခန်းငှားရမ်းခများကို သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ငှားရမ်းခြင်းဖြစ်ပါကြောင်း၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနသည် ဦးစီးဌာနဖြစ်သည့်အတွက် MHCဆိုင်ခန်း ငှားရမ်းခများကို နိုင်ငံတော် သို့ ပေးသွင်းခြင်းဖြစ်ပါကြောင်း၊ (၃)လ(သို့မဟုတ်) (၆)လစာပေးသွင်း ခွင့်ပြုပါရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ပြန်လည်စိစစ်ပေးသွား မည်ဖြစ်ပါကြောင်း၊ ကျေးရွာနေပြည်သူလူထုဝင်ငွေတိုးတက်ရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများ အစုအဖွဲ့များဖွဲ့၍ လိုအပ် သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငွေးပင် စံပြကျေးရွာတွင်

လယ်မြေကေ(၁၁၂)ကေကို အဆင့်မြှင့်လယ် ယာမြေ ဖော်ထုတ်၍ မျိုးထုတ် ပေးပြီးဖြစ်ပါကြောင်း၊ အဓိကတင်ပြ လိုသည်မှာ လုပ်ငန်းရှင်များအနေဖြင့် ဒေသ ထွက်ကုန်ကြမ်းများကို ကုန်ချောပစ္စည်း ထုတ်လုပ်ဆောင်ရွက်မည်ဆိုပါက လိုအပ် ချက်များ တောင်းဆိုလာပါလျှင် ဌာနအနေဖြင့် အမြန်ဆုံး ကူညီဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း။

(င) ဆက်လက်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးမှ MHCအခန်းငှားရမ်ခနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ မြို့နယ်တွင် မြန်မာ့လက်မှုအနုပညာစင်တာ(MHC)ကို ပြီးခဲ့သည့်နှ့ှစ်၊ နှစ်ဆန်း ပိုင်းတွင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ MHC အခန်းငှားရမ်းခများကို သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ငှားရမ်းခြင်းဖြစ်ပါကြောင်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနသည် ဦးစီးဌာန ဖြစ်သည့်အတွက် MHCဆိုင်ခန်းငှားရမ်းခများ ကို နိုင်ငံတော်သို့ ပေးသွင်းခြင်းဖြစ်ပါကြောင်း၊ (၃)လ (သို့မဟုတ်) (၆)လစာ ပေးသွင်းခွင့် ပြုပါရန် တင်ပြချက်နှင့် စပ်လျဉ်း၍ ပြန်လည် စိစစ်သွားမည်ဖြစ်ပါ ကြောင်း။

(စ) စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဦးတင်ထွဋ်ဦးမှ နိုင်ငံတော်ဝန်ကြီးချုပ်မှ မြန်မာနိုင်ငံတွင် ယခုကောက်ခံ လျက်ရှိသော အခွန်နှုန်းထားမှာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အလွန် လျော့နည်းပါ ကြောင်း၊ သို့သော်လည်း လုပ်ငန်းရှင်များ အခက်အခဲဖြစ်မည်စိုး၍ အခွန် အကောက်များ တိုး၍ ကောက်ရန်မရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးမှ စိုက်ပျိုးရေးဆိုင်ရာပစ္စည်းများ တင်သွင်းရာတွင် အခွန် ကောက်ယူမှု မရှိကြောင်း၊ ယခု တင်ပြချက်မှာ နေရောင်ခြည်သုံး Solar Pump တင်သွင်းမှုတွင် အခွန်ကောက်ယူမှုဖြစ်ကြောင်း၊ ပီလော ပီနံစံပြကွက် စိုက်ပျိုးရန် မြေလိုအပ်မှုအား စနစ်တကျ လျှောက်ထား ပါက ဌာနမှ နေပြည်တော်ကောင်စီနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း။

(ဆ) မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ဒုတိယ **ဥက္ကဋ္ဌ**မှ MSME လုပ်ငန်းများအတွက် ချေးငွေထုတ်ချေးမှုအနေဖြင့် မြန်မာ့ စီးပွါးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ

JICA Phase I, JICA Phase II, Own Fund, Other Fund နှင့် COVID ချေးငွေများကို လုပ်ငန်း ကဏ္ဍ(၉)ခုကိုထုတ်ချေးပေးထားပါကြောင်း၊ ယခင်အစိုးရ လက်ထက် ထုတ်ချေးပေးခဲ့မှုမှာ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ မြန်မာ့စီးပွါးရေး ဘဏ်နှင့် ပုဂ္ဂလိကဘဏ်(၂၄)ဘဏ်မှ MSME လုပ်ငန်း(၃၉၂၄၉)ခုကို စုစုပေါင်း ချေးငွေ ကျပ်(၁၄၈၉.၂၅)ဘီလီယံထုတ်ချေးပေးခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာ့စီးပွါးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်(၁၅) ဘဏ်မှ MSME လုပ်ငန်း (၂၆၄၇၄)ခုကို စုစုပေါင်းချေးငွေကျပ်(၁၂၄၇.၅၈) ဘီလီယံထုတ်ချေးပေးခဲ့ပါ ကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ မြန်မာ စီးပွါးရေးဘဏ်နှင့် ပုဂ္ဂလိက ဘဏ်(၁၅)ဘဏ်မှ MSMEလုပ်ငန်း(၂၅၈၆၉) ခုကို စုစုပေါင်းချေးငွေကျပ် (၁၉၄၆.၅၃)ဘီလီယံထုတ်ချေးပေးခဲ့ပါကြောင်း၊ ကဏ္ဍအလိုက် ချေးငွေထုတ်ချေး ပေးခဲ့မှုမှာ ကုန်သွယ်မှု ကဏ္ဍကို အများဆုံးထုတ်ချေးပေးခဲ့ပါကြောင်း၊ ၂၀၂၁ခုနှစ် ဇန်နဝါရီလ အထိ စုစုပေါင်းချေးငွေကျပ်(၅၈၉.၁၃) ဘီလီယံထုတ်ချေးပေးခဲ့ပြီး ၂၀၂၁ ခုနှစ် ဇူလိုင်လအထိ စုစုပေါင်းချေးငွေ ကျပ်(၅၂၄.၁၉) ဘီလီယံ ထုတ်ချေးပေးခဲ့ပါကြောင်း၊ ဒုတိယဦးစားပေးအနေဖြင့် စက်မှုလက်မှု ကုန်ထုတ် လုပ်မှုကဏ္ဍဖြစ်ပြီး ၂၀၂၁ခုနှစ် ဇန်နဝါရီလအထိ စုစုပေါင်း ချေးငွေကျပ်(၄၅၇.၉၆) ဘီလီယံဖြစ်ပြီး ၂၀၂၁ခုနှစ် ဇူလိုင်လအထိ စုစု ပေါင်းချေးငွေကျပ်(၄၀၀.၂၃) ဘီလီယံထုတ်ချေးပေးခဲ့ပါကြောင်း၊ JICA Two Step Loan Phase I ချေးငွေ ပြန်လည်ပေးဆပ်ရန်မှာ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ MSME လုပ်ငန်း (၂၂၇)ခုမှ စုစုပေါင်းချေးငွေ ကျပ်(၃၆) ဘီလီယံနှင့် (၃၃၈)ကျပ်သန်းဖြစ်ပါကြောင်း၊ JICA Two Step Loan Phase II ချေးငွေပြန်လည်ပေးဆပ်ရန်မှာ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ MSME လုပ်ငန်း(၁၂၆၈)ခုမှ စုစုပေါင်းချေးငွေ ကျပ်(၁၅၅) ဘီလီယံနှင့် (၃၉၄) ကျပ်သန်းဖြစ်ပါကြောင်း၊ JICA ချေးငွေများမှာ ယခင်အစိုးရ လက်ထက် နှစ်နိုင်ငံစာချုပ်ချုပ်ဆိုပြီး ရယူထားခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး ကဏ္ဍ၊ စက်မှုလက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ သယ်ယူပို့ဆောင် ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ အထွေထွေကဏ္ဍနှင့် အိမ်ရာချေးငွေများကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အများဆုံးမှာ စက်မှု လက်မှုကုန်ထုတ်လုပ်မှုကဏ္ဍအတွက် MSME လုပ်ငန်း(၅၈၃)ခုကို စုစုပေါင်း ချေးငွေ ကျပ်(၆၅)ဘီလီယံနှင့် (၆၈၁) ကျပ်သန်းကို သက်ဆိုင်ရာဘဏ်များမှ စိစစ်ပြီး ထုတ်ချေးပေးခဲ့ပါ ကြောင်း၊ ယခုလုပ်ငန်းရှင်များတင်ပြသည့် Extension ထပ်တိုး

ပေးရမည်ဆိုပါက အတိုးနှုန်းပြောင်းလဲသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များမှ ပြန်လည်မပေးဆပ်နိုင်သေးသဖြင့် သီးသန့် ချေးငွေချေးယူရန် လိုအပ်သည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေ ဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့ များနှင့် လုပ်ငန်းရှင်များမှ အချက်အလက်များကို စုစည်းပြီး သက်ဆိုင်ရာ ဘဏ်များမှတစ်ဆင့် ပြန်လည်တင်ပြရန်လိုအပ်ပါကြောင်း၊ တင်ပြလာ သည့် အချက်အလက်အားလုံးကို ဗဟိုဘဏ်မှ ဆက်လက်ပြုစု၍ Extension ရရှိနိုင်ရေး ဆက်လက်တင်ပြပေးသွားမည်ဖြစ်ပါကြောင်း။

(ဇ) နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်မှ **စက်မှုဇုန်အတွင်း မြေနေရာ လျှောက်ထားလာပါက စက်မှုဇုန်ကြီးကြပ် ရေးကော်မတီမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆပ်ကော်မတီအသီးသီးအားစိစစ်စေပြီး လိုက်နာ ဆောင်ရွက်နိုင်မည် ဆိုပါက အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မျှစ်ခြောက် စက်ရုံနှင့်ဆက်စပ်လျှောက်ရှိသော လယ်မြေကေများအား အခြားနည်း သုံးစွဲခွင့်ပြုရန်နှင့် ဝါးစိုက်ခင်းထူထောင်လိုသည့်ကိစ္စအား နေပြည်တော် လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီတင်ပြ ပေးပါရန်နှင့်တင်ပြချက်ကို စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဒက္ခိဏ သီရိစက်မှုဇုန်တွင် မြေကွက်ဝယ်ယူခွင့်ရရှိရေး လျှောက်ထားမှုနှင့် ပတ်သက်၍ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက် ပေးသွားမှာဖြစ်ပါကြောင်း၊** MSMEs **ထုတ်ကုန်များကို ကုန်တိုက်ကြီးများမှာ ပြသနိုင်ရေးအတွက် နေပြည်တော်ကောင်စီမှ စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း၊** အသေးစားလုပ်ငန်းများအတွက်သီးခြား ဇုန်မြေနေရာဖော်ဆောင် ထားခြင်း မရှိသေးပါကြောင်း၊ အသေးစားနှင့် အလတ်စားစက်မှုဇုန်ကို ဒက္ခိဏ သီရိမြို့နယ်မှာဖော် ဆောင်ပေးထားပြီးဖြစ်ပါကြောင်း၊ လိုအပ်ပါက စက်မှုဇုန် ကြီးကြပ်ရေးကော်မတီမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လျှောက်ထားနိုင်ပါကြောင်း၊ ပုဗ္ဗသီရိမြို့နယ်အတွက် သီးသန့်ယာဉ်ပြင်အလုပ်ရုံ နေရာဝပ်ရှော့တန်းကို သီးခြားတည်ဆောက်ပေးနိုင်ရေးအတွက် နေပြည်တော် စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း လုပ်ငန်းများပေါ် မူတည်၍ စိစစ် ပြီးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ မှ ဆွေးနွေးပြောကြားခြင်း**

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ MSME ၏ တင်ပြချက်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့ပါသည် –

(က) MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများကို သက်သာ အတိုးနှုန်းများဖြင့် ထုတ်ချေးပေးနိုင်ရေး စီမံလျက်ရှိပါကြောင်း၊ MSME အသင်းနှင့် နေပြည်တော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအတွက် ရုံး အဆောက်အဦမြေနေရာရရှိရေး သင့်လျော်သည့်နေရာတွင် ခွင့်ပြုပေးသွားမည်ဖြစ် ကြောင်း၊ မြေအသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံတော်၏ စိုက်ပျိုးမြေများ လျော့ကျမှု မရှိစေရေးအတွက် လယ်ယာမြေများပေါ်တွင် အခြားနည်းဖြင့် သုံးစွဲခြင်းများကို ခွင့်ပြုပေးခြင်းမရှိကြောင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့်မြေများကိုသာ အခြားနည်းဖြင့်စီစစ်၍ အသုံးပြုခွင့်ပေးခြင်းဖြစ်ကြောင်း၊ ပျဉ်းမနားဒေသသည် ဝါးများပေါ်များသည့် ဒေသတစ်ခုဖြစ်ပြီး ဝါးထွက်ကုန်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်ပြကြောင်း၊ သို့သော် ယခုနောက်ပိုင်းတွင် ထုတ်ယူသုံးစွဲမှုများပြားခြင်း ကြောင့် ထုတ်ယူသုံးစွဲမှုများပြားခြင်းကြောင့် ဝါးတောများပြုန်းတီးလာသဖြင့် ဝါးတောများပြန်လည်စိုက်ပျိုးထိန်းသိမ်းကြရန်လိုကြောင်း၊ ဝါးကိုစားသောက် ကုန်များအတွက်သာ သုံးစွဲခြင်းထက် ပျော ါဖတ်စက္ကူများထုတ်လုပ်ခြင်းနှင့် အခြားလူသုံးကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊

(ခ) အခွန်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်မှကောက်ခံသော အခွန်နှုန်းထားသည် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သင့်လျော်သည့်နှုန်းထားဖြစ်၍ လုပ်ငန်းရှင် များအနေဖြင့် အခွန်ဝင် ကျေပွန်စွာထမ်းဆောင်ပေးရန်လိုကြောင်း။

(ဂ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေးရိက္ခာပေါများရေးအတွက် နိုင်ငံအတွင်း နေထိုင်သူများက ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါများရေးနှင့် ပြည်တွင်းစီးပွါးရေးကောင်းမွန်စေရေး ဆောင်ရွက် ရာတွင် ကုန်ကြမ်းပေါများရေး၊ သွင်းအားစုလုံလောက်စွာရရှိရေး၊ အရင်းအနှီးများ ရရှိရေးနှင့် လူသားအရင်းအမြစ်များလုံလောက်စွာ ရရှိရန် လိုအပ်ပါကြောင်း၊ MSME လုပ်ငန်းများအတွက် အရင်းအနှီးနှင့်ပတ်သက်၍ လုပ်ငန်းရှင်များ ကိုယ်တိုင် ကြိုတင်အားထုတ်ဆောင်ရွက်ရန်လိုအပ်ပြီး ခိုင်မာသည့် လုပ်ငန်းများရှိချိန်တွင်

နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေး ပေးသွားမှာဖြစ်ပါကြောင်း၊ ချေးငွေမှာ ဖွံ့ဖြိုးရေးချေးငွေနှင့်စီးပွါးရေးချေးငွေဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ယခင်နိုင်ငံတော်မှ ချေးယူခဲ့သည့် ရင်းနှီးမြှုပ်နှံငွေများကို ပြန်လည်ပေးဆပ်ရန်အတွက် အချိန်အတိုင်း အတာတစ်ခုအထိ ဖြေလျှော့ပေးထားသော်လည်း သတ်မှတ်ထားများ ကာလအတွင်း ပြန်လည်ပေးဆပ်ရမှာဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးချေးငွေနှင့် MSME လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည် သာယာဝပြောရေးနှင့် စား၊ရေ၊ရိက္ခာ ဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ် အဖြစ်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတွက်ကြောင့် စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ အတွက် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးသွားမှာဖြစ်ပါကြောင်း။

(ဃ)လုပ်ငန်းများဆောင်ရွက်ရာမှာ အောင်မြင်မှုရရှိရေးအတွက် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များလိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံမှာ ပညာရေး အားနည်းပါသဖြင့် ကျွမ်းကျင်လုပ်သားနည်းပါးသည်ကိုတွေ့ရှိရပါကြောင်း၊ ထို့အတွက်ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဆိုင်ရာများနှင့် ပတ်သက်၍ အထက်တန်းကျောင်းများမှာ သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာပြီးမြောက်မှုမရှိသေးသူများကိုလည်း အလယ်တန်းပညာ၊ အထက်တန်းပညာအလိုက် စိုက်ပျိုးမွေးမြူရေးနှင့် လုပ်ငန်းခွင် အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေး ရန်လိုအပ်ပါကြောင်း၊ အလားတူ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံနှင့် စက်မှုသိပ္ပံ တက်ရောက်သူများမှ ထူးချွန်စွာအောင်မြင်သူများကို သက်ဆိုင်ရာပညာရပ် များအလိုက် တက္ကသိုလ်နှင့်ကောလိပ်များသို့ တက်ရောက်လို့ရပါကြောင်း၊ ထို့အတွက်ကြောင့် လူသားအရင်းအမြစ်လုံလောက်စွာရရှိရေးအတွက် ပညာရည်မြင့်မားရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

(င) ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း MSME လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအလိုက် တွက်ဆ၍ ဝိုင်းဝန်း အကြံပြုဆောင်ရွက်ကြစေလိုပါကြောင်း၊ ဒေသထွက်ပစ္စည်းများကို အသုံးပြု၍ MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နိုင်စေရေးအတွက် မိမိအနေဖြင့် မူဝါဒ တစ်ရပ် ချမှတ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းများအားလုံး မိမိတို့၏ လုပ်ငန်းတစ်ခုချင်းစီအလိုက် စည်းကမ်းစနစ်တကျဖြင့် အားထည့်ဆောင်ရွက် မည်ဆိုပါက လုပ်ငန်းများအောင်မြင်မှုဖြစ်ပါကြောင်း၊ ဒေသအတွင်း ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချ၍ အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွါးရေး

လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်မည် ဆိုပါက ဒေသအတွင်း စီးပွါးရေးလုပ်ငန်းများတိုးတက်လာပြီး ဒေသခံများ၏ လူမှုစီးပွါးဘဝ များလည်း တိုးတက်ပြောင်းလဲလာမည်ဖြစ်၍ ဒေသသည်လည်း အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါကြောင်း ပြောကြားသွားပါသည်။

နိဂုံး

၆။ သို့ဖြစ်ပါ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံမှုဆွေးနွေးမှု အစီရင်ခံစာအား တင်ပြအပ်ပါသည်။

# မှတ်တမ်းဓာတ်ပုံများ

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွါးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ
အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွါးရေးလုပ်ငန်းရှင်များ၏
ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုခြင်း





## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွါးရေးလုပ်ငန်းရှင်များ၏ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုခြင်း



